# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

စာအမှတ်၊ ပစ – ၀၃၂၂/၁၄–၁၅/အ၀ဆ/၃/

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန် လ ( ) ရက်

အကြောင်းအရာ။ ။**Avait Gbe IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ အတွက် ပစ္စည်းများပေးသွင်းရန်အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း။**

ရည်ညွှန်းချက် ။ ။ရုံးချုပ်အခြေစိုက် အဝေးဆက်သွယ်ရေးစခန်း၏ (၆ .၆ .၂၀၁၄) ရက်စွဲပါ စာအမှတ်၊ အ၀ဆ/အိတ်ဖွင့်တင်ဒါ/၂၀၁၄–၁၅/၃၉၉

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍၂၀၁၄–၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်အခြေစိုက် အဝေးဆက်သွယ်ရေးစခန်း အတွက အသုံးပြုရန် လိုအပ်သော Avait Gbe မိုက္ကရိုဝေ့ ဆက်ကြောင်း များ အတွက်ပစ္စည်းများကို ဝယ်ယူလို၍ ပေးသွင်းလိုသူများသည် (၁၈.၇.၂၀၁၄) ရက်နေ့ (၁၃း၀၀)နာရ နောက်ဆုံး ထား၍မိမိတို့၏Technical Proposal တွင် လက်မှတ်ရေးထိုးလျှက် အောက်တွင်လက်မှတ်ရေးထိုးသူ အရာရှိထံသို့ လိပ်မူ၍သတ်မှတ်ထားသောစည်းကမ်း ချက်များ နှင့် အညီ တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | လိုအပ်သောအရေအတွက် |
|---|---|---|
| | **Avait Gbe IP** မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် | |
| 1. | -ODU U 6GHz(Low/Hight)<br>(With 1m Flexable Waveguide) | 40-Nos |
| 2. | -IDU (Standard INU)<br>(With Power Cable, Lan Cable ,1.2G Licean Card) | 40-Nos |
| 3. | -IF Interface Card(RAC 6 X)<br>(With IF Cable, Lan Cable ) | 40-Nos |
| 4. | -GE Interface Card(DAC GE)<br>(With Lan Cable) | 40-Nos |
| 5. | -E1 Interface Card(DAC 16 x )<br>(With E1 Cable) | 40-Nos |
| 6. | Node Control Card(NCC) | 20-Nos |
| 7. | Node Protection Card(NPC) | 20-Nos |
| 8. | IF Cable (RJ 8,300m) | 10-Drums |
| 9. | N Type Connector(RJ 8) | 100-Nos |

၂။ အောက်ပါစည်းကမ်းချက်များကိုလိုက်နာရပါမည်။

(က) **အိတ်ဖွင့်တင်ဒါပိတ်သိမ်းသည့်နေ့ရက်တွင် (Catalogue) နှင့် (Technical Proposal) (၃)စုံအား သီးခြားစာအိတ်ဖြင့်ထင်ရှားစွာရေးသားဖော်ပြ၍ တင်ပြရပါမည်။ ( Cost Proposal ) အားဈေးနှုန်းစိစစ်မည့်နေ့ရက်တွင်တပါတည်းယူဆောင်ပေးသွင်းရပါမည်။**

(ခ) ဈေးနှုန်းတင်သွင်းရာတွင်ပစ္စည်းတစ်ခုချင်းစီ၏ဈေးနှုန်းကို **မြန်မာကျပ်ငွေ**ဖြင့်သာဖော်ပြရပါမည်၊လုပ်ငန်းရရှိသူသည်ပစ္စည်းများပေးသွင်းသည့်အခါမိမိတင်ပြခဲ့သော **Catalogue** အတိုင်းဖြစ်ရပါမည်၊**Catalogue** နှင့်မကိုက်ညီသော /စံချိန်စံညွှန်းနှင့်မကိုက်ညီသောပစ္စည်းများကိုလုံးဝလက်ခံခြင်းမပြုပါ။

(ဂ) လုပ်ငန်းအပေါ်စိတ်ဝင်စားမှုအာမခံငွေတင်သွင်းရန်အတွက်ငွေသင်းပုံစံတစ်စောင်လျှင်၅/-နှုန်းဖြင့် ဝယ်ယူ၍ လုပ်ငန်းအပေါ်စိတ်ဝင်စားမှုအာမခံငွေကျပ် (၈,၀၀၀,၀၀ဝ/-) (ကျပ်ရှစ်ဆယ်သိန်းတိတိ) ကို ပေးသွင်းမှသာလျှင် **TechnicalProposal** အားထည့်သွင်းခွင့်ပြုပါမည်။ (လုပ်ငန်းမရရှိပါက ပြန်လည်ထုတ်ပေးပါမည်)။

(ဃ) လုပ်ငန်းရွေးချယ်ခြင်းခံရပါကလုပ်ငန်းအာမခံငွေအဖြစ်လုပ်ငန်းတန်ဖိုး၏၁၀%ကိုကြိုတင်ပေးသွင်း မှသာလျှင်လုပ်ငန်းအပ်နှံသည့်စာချုပ်ချုပ်ဆိုပါမည်။ ၁၀% လုပ်ငန်းအာမခံငွေဟုဆိုရာတွင်လုပ်ငန်းအပေါ်စိတ်ဝင်စားမှု အာမခံငွေကျပ် (၈,၀၀၀,၀၀ဝ/-) (ကျပ်ရှစ်ဆယ်သိန်းတိတိ) ကိုခုနှိမ်၍ ကျန်ငွေကိုသာပေးသွင်းရန် ဖြစ် ပါသည်။

(င) ရက်လွန်ပေးသွင်းမှုအတွက် နှောင့်နှေးကြေးအဖြစ် တစ်ပတ်လျှင် နောက်ကျပေးသွင်းမည့် ပစ္စည်းတန်ဖိုး၏၁%ဖြတ်တောက်မည်ဖြစ်ပါသည်၊ အဆိုပါ၁% ဖြတ်တောက်ခြင်းကိုရက်သတ္တပါတ်စုစုပေါင်း(၆)ပတ်အထိသာ ဖြတ်တောက်မည်ဖြစ်ပြီး ၄င်းကာလထက်ကျော်လွန်ပါက ပေးသွင်းထားသော အာမခံငွေများကိုသိမ်းယူ၍ နာမည်ပျက်စာရင်းတွင် ထည့်သွင်းအရေးယူမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန အားလုံးသို့ နာမည်ပျက်စာရင်းပေးပို့အကြောင်းကြားမည်ဖြစ်ပါသည်။

(စ) ဈေးနှုန်းတင်သွင်းသူသည် ရွေးချယ်ခံရပြီးနောက်မှ လုပ်ငန်းလုပ်ကိုင်ရန် ငြင်းဆိုတင်ပြလျှင်ဖြစ်စေ၊ရွေးချယ်ကြောင်း အကြောင်းကြားပြီး (၇)ရက်မြောက်သည့်တိုင် လာရောက်၍ လုပ်ငန်းလက်ခံခြင်းမရှိလျှင်ဖြစ်စေ၊ အပ်နှံထားသောလုပ်ငန်းပျက်ကွက်လျှင်ဖြစ်စေ၊ ပေးသွင်းထားသောအာမခံငွေများကို သိမ်းယူပြီးနာမည်ပျက်စာရင်းတွင်ထည့်သွင်း၍ ပြည်ထောင်စုဝန်ကြီးဌာနအားလုံးသို့ နာမည်ပျက်စာရင်းပေးပို့ အကြောင်းကြားမည်ဖြစ်ပါသည်။ဤစည်းကမ်းချက်ကိုသဘောတူညီမှသာလျှင်ဈေးနှုန်းတင်သွင်း ရပါမည်။

(ဆ) လုပ်ငန်းအားလုံးကို ရက်ပေါင်း ( ၆၀ )ရက်အတွင်း အပြီးပေးသွင်းရပါမည်။

( ဇ ) ဈေးနှုန်းလွှာတွင် ပစ္စည်းပေးသွင်းမည့်ကာလ Deliveryကိုဖော်ပြရန်နှင့် ဈေးနှုန်းတည်မြဲရက် Validity မှာ ( ၃ )လ ဖြစ်ရပါမည်။

(ဈ) ဈေးနှုန်းဖွင့်ဖောက်သည့်နေ့တွင်စိစစ်သည့်ဈေးနှုန်းနှင့်ပစ္စည်းအပေါ်ဆုံးဖြတ်ပေးနိုင်သည့် လုပ်ငန်းပိုင်ရှင် (သို့) ကုမ္ပဏီ၏အထွေထွေမန်နေဂျာရာထူးထက်မနိမ့်သောသူမှတက်ရောက်ရပါမည်။

(ည) ဈေးနှုန်းတင်သွင်းသည့်အခါ ပုဂ္ဂိုလ်အမည်အစား လုပ်ငန်းအမည်(သို့)ကုမ္ပဏီအမည်ဖြင့်သာ တင်သွင်းရပါမည်။

( ဋ ) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ စိစစ်ရွေးချယ်မှု နှင့် ဆုံးဖြတ်ချက်များသာအတည်ဖြစ်သည်။

( ဌ) ရန်ပုံငွေအရ အရေအတွက် အတိုး/အလျော့ ပြုလုပ်မည် ဖြစ်ပါသည်။

( ဍ ) ဌာနမှ အကြောင်းတစ်စုံတစ်ရာမပြဘဲ ဈေးနှုန်းလွှာခေါ်ယူခြင်းကိုပယ်ဖျက်ခွင့်ရှိသည်။

( ဎ ) အဆိုပါပစ္စည်းကို တစ်နှစ်အတွင်း ပျက်စီးမှုမရှိကြောင်း အာမခံရပါမည်။

(ဏ) အဆိုပါလုပ်ငန်းအတွက် ဝင်ငွေခွန် ၂% ကို ဖြတ်တောက်ပေးချေမည် ဖြစ်ပါသည်။

(တ) ဈေးနှုန်းအဆိုပြုတင်သွင်းရန်အတွက်တင်ဒါတွင်ပူးတွဲထားသည့်ပုံစံဖြင့်ဖြည့်သွင်း၍ဈေးနှုန်းတင်သွင်းသည့်နေ့တွင်တင်ပြရမည်။

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(ဝင်းအောင်၊ ဒုတိယအထွေထွေမန်နေဂျာ / ပစ္စည်း)

**<u>မိတ္တူကို -</u>**

-ဒုတိယအထွေထွေမန်နေဂျာ၊ (ဘဏ္ဍာရေး/လုပ်ငန်းနှင့်စစ်ဆေးရေး)၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

-အင်ဂျင်နီယာချုပ် (အော်တိုတယလီဖုန်း/အဝေးဆက်/ပြည်ပဆက်/မိုဘိုင်း/IT)၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ။

- စာရင်းကိုင်(၁)၊ ငွေစာရင်းဌာနစိတ်၊ ဤရုံး။

- ကြော်ငြာသင်ပုန်း။

- မျှောစာတွဲ။

- အမှုတွဲ။